ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## သုခအောင်ကျေးရွာ၊ မရမ်းဘေးကျေးရွာအုပ်စု


၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

## မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ..........................................................................................၂
မ၂။ရမ်းဘေးကျေးရွာအုပ်စုမြေပုံ ......................................................................................၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..............................................၄
၄။ကျေးရွာအခြေခံအချက်အလက်များ ..................................................................................၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................၂၃
၈။ ကျေးရွာကော်မတီဝင်များစာရင်း......................................................................................၂၆
၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ..................................................................................... ၂၇
၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .........................................................................၃၀
၁၁။အစည်းအဝေးမှတ်တမ်းများ ............................................................................................၃၂
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) .......................................၃၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ

ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ



## ၂။ မရမ်းဘေးကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။မရမ်းဘေးကျေးရွာ

၂။အဂကောက်ကျေးရွာ

၃။အောင်သပြေကျေးရွာ

၄။သုခအောင်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

သုခအောင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂၅) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ သုခအောင်ကျေးရွာဟုအမည်မပေါက်မီ ၁၉၇၁ ခုနှစ်က အထက်မငေးအမည်ဖြင့် ကျေးရွာစတင်တည်ထောင်ခဲ့ပါသည်။အိမ်ထောင်စု(၅၀)စု ခန့်ရှိပြီးလူဦးရေ (၂၁၀)ဦးရှိကာစိုက်ပျိုးရေးနှင့်တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်စားသောက်ကြပါသည်။ကူးသန်းရောင်းဝယ်ရေးအတွက်လည်း ရေလမ်းခရီးကိုသာ အဓိကအသုံးပြုရပါသည်။ကျေးရွာ၏ သက်တမ်းမှာနှစ်ပေါင်း (၄၆)နှစ်ကျော်ခန့်ကြာမြင့်သည်ဟု လူကြီးများပြောကြားသောမှတ်တမ်းမှတ်ရာများအရသိရှိရပါသည်။

ကျေးရွာတွင်အခြေခံအဆောက်အအုံအနေဖြင့်မူလတန်းကျောင်းတစ်ကျောင်းရှိပြီး၂၀၁၃နှစ်တွင်စာသင်ကျောင်းအား အလျားပေ ၆၀ ၊အနံပေ ၃၀ ဖြင့်သွပ်မိုး တိုက်ခံကျောင်းအဖြစ်တည်ဆောက်ခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် အထက်မငေးကျေးရွာမှ သုခအောင်ကျေးရွာသို့ပြောင်းလဲခေါ်တွင်ခဲ့ကာ ပြည်ထဲရေးအမည်ပေါက်ခဲ့ပါသည်။ယခုလက်ရှိတွင် အိမ်ထောင်စု (၅၃)အိမ်ထောင်စုနှင့်၊ လူဦးရေ (၂၅၈) ယောက်ထိ တိုးပွားလာခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်လုပ်လက်စားနှင့် စာရင်းငှား အလုပ်ကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ရှိပြီး အလုပ်အကိုင်ရှားပါးသောကြောင့် အလုပ်လက်မဲ့များ ရှိပါသည်။ ပညာရေးကို အဓိကအလေးထားဆောင်ရွက်ကြပါသည်။ ဗုဒ္ဓဘာသာကိုအဓိကထားကိုးကွယ်ပြီး ဘာသာတရား ကို ရို သေကိုင်းရှိုင်းပြီး အမျိုးသားအမျိုးသမီး စည်းလုံးညီညွတ်စွာ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်း ကူညီ လက်တွဲ ဆောင်ရွက်ကြပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၀ | ၄၀ | ၃၀ | ၇၀ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀ | ၅ | ၅ | ၁၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | - | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | - | - |
| - | ဆိတ် | - | - |
| - | ဘဲ | - | - |
| - | မန်ဒါလီ | - | - |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၈၇၀ | - | - | မရှိ | -/၃ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၇ | - | ၂ | - | - |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၇၀ | ၇၀ | - | ၁၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၄၀၊ - | ၅၀ | ၃ | ၃၀ | - |


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၀ | ၂၃ | ၅၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၈ | ၂၂ | ၄၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဉစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၆-၁၁-၂၀၁၇ | ပြေလည်သော အုပ်စု၊ အလယ်အလတ်၊နွမ်းပါး အုပ်စု | ၁၅ | ၂၅ | ၄၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၆-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၅ | ၂၅ | ၄၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၆-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၈ | ၂၂ | ၄၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၈ | ၂၂ | ၄၀ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်




### သုံးသပ်ချက်


မရမ်းဘေးကျေးရွာအုပ်စု၊ သုခအောင်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်နယ်မြေအဆုံးတွင် တည်ရှိပြီး အိမ်ထောင်စု (၅၃) စု ဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်၊ ငါးဖမ်းခြင်းလုပ်ငန်းများ ကိုအဓိကထား လုပ်ကိုင်ကြပါသည်။ သုခအောင်ကျေးရွာ ၏ကျန်းမာရေးအခက်အခဲများတွင် မရမ်းဘေးကျေးရွာကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)တို့အားပင့်၍ဆေးကုသမှုခံယူရပြီး အရေးပေါ်ကျန်းမာရေး အခက်အခဲများကိုတံတားမြို့ ၊ကျောက်တန်းမြို့နှင့်သန်လျင်မြို့သို့သွားရောက်၍ ဆေးကုသခံယူရပါသည်။ သုခအောင်ကျေးရွာ၏ လူမှုရေး၊သာသာရေး၊သာသနာရေးနှင့်ပညာရေးကိစ္စရပ်များကို ကျေးရွာအတွင်းရှိ အမျိုးသား၊အမျိုးသမီး

စည်းလုံးညီညွတ်စွာ အတူတကွပိုင်းဝန်းကူညီ  လုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ် ၍ ဘာသာတရား ရှိသေကိုင်းရှိုင်းကြပါသည်။

ကျေးရွာရွာ၏မြောက်ဘက်တွင်ပုတ္တလုပ်ကျေးရွာ၊အဂကောက်ကျေးရွာ၊အရှေ့တောင်ဘက်တွင် အောင်သပြေကျေးရွာ၊တောင်ဘက်တွင်မုတ္တမပင်လယ်ကွေ့နှင့်ထိစပ်နေပြီးအနောက်ဘက်တွင်တိုးတက်ရေးကွင်း၊ တမံကြီးကုန်းကျေးရွာ ၊စစ်တန်းကျေးရွာတို့နှင့် နယ်နမိတ်ခြင်းထိစပ်လျှက်ရှိပါသည်။

ကျေးရွာအတွင်း ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းနှင့် အပိုင်း(၂)ပိုင်း ရှိပါသည်။ ကျေးရွာ၏ လိုအပ်ချက်များမှာ ရွာတွင်းလမ်းပြုပြင်ခြင်း၊ ကျေးရွာလမ်းမီးလင်းရေး၊ဆေးပေးခန်းတည်ဆောက်ခြင်း၊ ချောင်းကူးတံတားတည်ဆောက်ခြင်း၊ကျေးရွာပိုင်ခန်းမတည်ဆောက်ခြင်း၊စာကြည့်တိုက်တည်ဆောက်ခြင်းနှင့်အဂီစီ စက်ရေတွင်းတူးဖော်ခြင်း စသည်တို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

## ၂။ ဉစ္စာဓနအဆင့်သတ်မှတ်ချက်။




**သုံးသပ်ချက်**

အဂကောက်ကျေးရွာတွင် ပြေလည်သောအဆင့်၊ အလယ်အလတ်၊ နွမ်းပါးသောအဆင့်ဟူ၍ လူမှုအဆင့်(၃)ဆင့်သက်မှတ်ထားပါသည်။


ချမ်းသာသော အဆင့်မှာ လယ်-၂၀ ဧကအထက်၊ တစ်ဘီးထွန်စက်၊ TV ၊ ဆိုလာ၊ ကလေးများကျောင်းထားနိုင်၊သွပ်မိုးပျဉ်ကာပျဉ်ခင်းနှင့်နေထိုင်ကြပြီး အိမ်ထောင်စုမှာ (၁၁)စုနှင့် ရာခိုင်နှုန်းမှာ(၁၅%)ရှိပါသည်။

အလယ်အလတ်ရှိသောအဆင့်တွင် သွပ်မိုးအိမ်၊ထရံကာ၊ပျဉ်ခင်းနှင့်နေထိုင်ပြီး လယ်-(၂၀)ကေအောက်၊တစ်ဘီးထွန်စက်၊ ဆိုင်ကယ်၊TV တို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၂၉) စုနှင့် ရာခိုင်နှုန်းမှာ (၄၀%) ရှိပါသည်။

နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာနှင့်နေထိုင်ပြီး စက်ဘီး၊ ဆိုလာ၊ဆိတ် ၅ ကောင်၊ဝက် ၂ ကောင်တို့ကိုပိုင်ဆိုင်ကာအိမ်ထောင်စုမှာ (၃၃)စု ရာခိုင်နှုန်းမှာ (၄၅%)၊ရှိသည်ဟု ကျေးရွာလူထုမှ သက်မှတ်ခဲ့ပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း၊မိသားစုဂင်ဦးရေများပြားခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**၁။ ရာသီဥတု**

ကဆုန်လ၊တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် မိုးအနည်းငယ်ရွာသွန်းသည်ကို တွေ့ရှိရပါသည်။ နယုန်လ၊ဂါဆိုလ၊ဂါခေါင်လများတွင် မိုးများပြီး တန်ဆောင်မုန်းလတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းသည်ကိုတွေ့ရှိရပါသည်။နတ်တော်၊ ပြာသို၊ တပို့တွဲလတို့တွင် ရာသီဥတုမှာ အေးမြပြီး တပေါင်း၊တန်ခူးလတို့တွင် ရာသီဥတုသာယာသည်ကိုတွေ့ရှိရပါသည်။

## ၂။ ပွဲတော်များ

တန်ခူးလတွင် သင်္ကြန်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ ပြာသိုလတွင် နွားလွှတ်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲနှင့် ဟိန္ဒူဘုရားပွဲများကျင်းပကြပါသည်။

## ၃။ စိုက်ပျိုးရေး

စပါးစိုက်ပျိုးရေးလုပ်ငန်းများကို နယုန်၊ဂါဆို၊ဂါခေါင်လများတွင် ပျိုးနုတ်၊ကောက်စိုက်ပြီး တန်ဆောင်းမုန်းလတွင်စပါးများကိုရိတ်သိမ်းကြပါသည်။ ပဲတီစိမ်းစိုက်ပျိုးရေးကို နတ်တော်လတွင် သီးထပ်အဖြစ်စိုက်ပျိုးကြပါသည်။တပို့တွဲလတွင် ပဲတီစိမ်းများရူးကြပါသည်။

## ၄။ မွေးမြူရေး

တနိုင်တပိုင်ဝင်ငွေရရှိရန်အတွက် တနစ်ပတ်လုံးမွေးမြူးရေးလုပ်ငန်းများ ကိုလုပ်ကိုင်ကြပါသည်။

## ၅။ သောက်သုံးရေရရှိမှု

တနစ်ပတ်လုံးအနေဖြင့်ကျေးရွာအတွက် သောက်သုံးရေရရှိမှုမှာ လုံလောက်မှုရှိပါသည်။


## ၆။ ကျန်းမာရေး

နယုန်၊ဂါဆို၊ဂါခေါင်၊တော်သလင်းလများတွင် ဖျားနာခြင်းများဖြစ်ပွားသည်ကိုတွေ့ရှိရပါသည်။

## ၇။ဝင်ငွေရရှိမှု

တန်ခူး၊ကဆုန်၊တော်သလင်း၊သီတင်းကျွတ်၊ပြာသိုနှင့်တပေါင်းလများတွင် ဝင်ငွေရရှိမှုမှာနည်းပါးပြီး နယုန်၊ဂါဆို၊ဂါခေါင်လနှင့်တော်သလင်းလများတွင် ဝင်ငွေအသင့်အတင့်ရရှိသည်ကိုတွေ့ရှိရပါသည်။ တပို့တွဲလတွင်ဝင်ငွေရရှိမှုမှာအမြင့်ဆုံးဖြစ်သည်ကိုတွေ့ရပါသည်။

## ၄။ ဗင်းပုံစံ  သုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်းအဖွဲ့အစည်းများဖြစ်သောအုပ်ချုပ်ရေးမှူးအဖွဲ့၊ကျောင်းကော်မတီ၊မိဘဆရာအဖွဲ့၊အမျိုးသားအမျိုးသမီးအဖွဲ့တို့သည်ကျေးရွာ၏ပညာရေးမြှင့်မားအောင်  မြို့ပေါ်ရှိ  အုပ်ချုပ်ရေးမှူးရုံးပညာရေးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ကြပါပြီသည်။


ကျေးရွာရှိ အမျိုးသမီးများ၊မိခင်နှင့်ကလေးများနှင့်ကျန်းမာရေးအခက်အခဲများကို ကျေးရွာတွင်းရှိ အမျိုးသားအမျိုးသမီးအဖွဲ့များနှင့်မြို့ပေါ်ရှိ အမျိုးသမီးရေးရာ ကျန်းမာရေးဌာန၊ကြက်ခြေနီအဖွဲ့များနှင့် ချိတ်ဆက်၍ အတူတကွပူးပေါင်းဖြေရှင်းပေးပါသည်။ ကျေးရွာလူထုနှင့်အတူ ဂေါပကအဖွဲ့၊ သာရေးနာရေးအဖွဲ့တို့သည် ကျေးရွာဘာသာရေး ၊သာသနာရေး ရေရှည်တည်တံ့ရန် အတူလက်တွဲဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ လမ်းကော်မတီ၊မီးကော်မတီအဖွဲ့များသည် ကျေးရွာလူထုနှင့်ပူးပေါင်း၍ ကျေးရွာအတွင်းမီးဘေးကြိုတင်ကာကွယ်ခြင်း၊ကျေးရွာအေးချမ်းသာယာရေးတို့ကို အတူတကွပူးပေါင်း ဆောင်ရွက်နေပါသည်။

ဆင်းရဲမှုပပျောက်ရေးအတွက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမြစိမ်းရောင်အဖွဲ့အစည်းများဖွဲ့စည်း၍ ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများတိုးတက်စေရန် ကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေးဘဏ်မှလည်း ကျေးရွာလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရန် ငွေချေးခြင်းဖြင့် လယ်သမား၏အခက်အခဲများကို ဖြေရှင်းပေးနေပါသည်။ကျောက်တန်းမြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်းရုံးမှလည်းကျေးရွာ၏လိုအပ်ချက်များဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထု၏ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ၅။ ပင့်ကူအိမ်သုံးသပ်ချက်။




### သုံးသပ်ချက်

### ၁။ ရပ်ရွာတွင်ဆုံးဖြတ်ချက်ချပိုင်ခွင့်

ရပ်ရွာအတွင်းရှိ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

### ၂။ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု

ကျေးရွာအတွင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသည်ကိုတွေ့ရှိရပါသည်။အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာအချိန်ကုန်နေသောကြောင့်ဖြစ်ပါသည်။

### ၃။ အိမ်မှုကိစ္စ

အိမ်မှုကိစ္စများတွင် အမျိုးသမီးများကသာဦးဆောင်လုပ်ကိုင်နေရသော်လည်းအမျိုးသားများကလည်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

### ၄။ အဖွဲ့အစည်းများတွင်ဦးဆောင်မှု

အမျိုးသားများသည် အမျိုးသမီးများထက် ကျေးရွာတွင်းအဖွဲ့အစည်းများတွင် ပိုမိုဦးဆောင်နေသည်ကို တွေ့ရှိရပြီး လူထုဗဟိုပြုစီမံကိန်း၏ဦးဆောင်မှုကဏ္ဍအရအမျိုးသား အမျိုးသမီးတန်းတူအခွင့်အရေးရရှိနေသည်ကို တွေ့ရှိရပါသည်။

**၅။ ဘာသာရေးလုပ်ငန်းများတွင်ဦးဆောင်မှု**

ဘာသာရေးလုပ်ငန်းများတွင် အမျိုးသားများက အမျိုးသမီးများထက်ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**၆။ လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်**

လူမှုရေးလုပ်ငန်းများပူးပေါင်းပါဝင်မှုတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုပါဝင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။


**၇။ ပညာသင်ကြားခွင့်**

ကျေးရွာ၏ပညာသင်ကြားနိုင်မှုတွင် အမျိုးသားများက အမျိုးသမီးများထက်ပိုမိုပညာသင်ကြားခွင့်ရရှိနေသည်ကိုတွေ့ရှိရပါသည်။


**၈။ ဂင်ငွေရရှိမှု**

ကျေးရွာအတွင်းတွင်အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါများသောကြောင့်အမျိုးသားများက ဂင်ငွေပိုမိုရရှိသည်ကိုတွေ့ရှိရပါသည်။

## ဖ။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။



ပါဝင်ဆွေးနွေးသူ-ကျား(၁၈)၊မ(၂၂)



## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ထွန်စက်၊ ဂွန်ဒေါင်း၊ နွားပုံ၊ လယ်၊ ၊ဆိုင်ကယ်၊တံတား၊ရေဘုံပိုင်၊ဟိန္ဒူဘုရားကျောင်း၊ရွာတော်ရှင်၊စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊စက်ဘီးများကို အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ အများပိုင်အိမ်သာ အစရှိသည်တို့ ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏အရင်းအမြစ်ဖြစ်သော ဆိုင်ကယ်၊ထွန်စက်၊ နွားပုံ၊ဂွန်ဒေါင်း၊ လယ်ယာမြေ၊စသည်တို့ ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်တို့ အား အမျိုးသမီးများက အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊စက်ဘီး၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊တံတား၊ရေဘုံပိုင်၊ဟိန္ဒူဘုရားကျောင်း၊ အများပိုင်အိမ်သာ၊ဘုရား၊ရွာတော်ရှင်စသည်တို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီးများ အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ နှင့်လူမှုရေးအဖွဲ့အစည်းများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်း အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပြီး အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းခွဲတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းတို့ကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၈.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းခါတ်ပုံများ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးခိုင်လွင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သင်းသင်းခိုင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမြင့်လွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်အေးလွင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးဂင်းထွန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်တင်မော် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးလှိုင်ဂင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်အေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဂင် |
| ၉ | ဦးမြင့်ဝေ | ကျား | ဂေဖန် အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အေးစန်း | မ | ဂေဖန် အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးဇော်ဂမ်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်သဲမာဦး | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်တင်ဇာကြူ | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက်  ကျား-(၆) ယောက် +မ (၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
|---|---|
| ၁။ဒေါ်သင်းသင်းခိုင် | ကျေးရွာအုပ်စု ဘဏ္ဍာရေးအဖွဲ့ဝင် |
| ၂။ဦးခိုင်လွင် | အုပ်စု အဖွဲ့ဝင် |


**မှတ်တမ်းတင်သူ**

အမည်။ ဦးဇင်ကိုအောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၉ .၁၁ . ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ကိုအောင်ကိုလတ် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉၉၇၃၃၉၅၁၈၉ | လူထုစည်းရုံးရေးမှူး၏ အမည် ဦးဇော်ဦးဝင်း |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု မရမ်းတား | ကျေးရွာ သုခအောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၇ | ဘာသာ (၁) ဗုဒ္ဓ | ၈၇ |
| လူမျိုးစု (၂) အိန္ဒိယ | ၂၀ | ဘာသာ (၂) ဟိန္ဒူ | ၂၀ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၁ | | |
| ဆင်းရဲသားရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၅၃၀ | | |
| လူမျိုးစု (၁) ဗမာ | ၂၀၇ | ၁၉၉ |
| လူမျိုးစု (၂) အိန္ဒိယ | ၆၄ | ၆၀ |
| လူမျိုးစု (၃) ---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၈ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း (circled)　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ (✓)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၂.၅-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ____
မိုးရာသီတွင်ကြာချိန် ၃၀မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ____

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ရှိပါသလား။
☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ____

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဦးဆောင်စီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်း ရောင်
(၂) မိခင် နှင့် ကလေး
(၃) ဖြည့်ဘူဝင်

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ကိုလတ်
လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦးဇော်ဦးဝင်း
လက်မှတ် နေ့စွဲ ၁၀၊၁၀၊၁၇

# ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးဇင်ကိုအောင်

နေ့စွဲ - ၁၈.၁၁.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ✓စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်ဖြူ | ကျေးရွာအုပ်စု မရမ်းတော | ကျေးရွာ ဥဒဲအောင်

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ချောင်းကူးရာတွင် ခက်ခဲခြင်း | ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း |
| ၂ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၂ | ဆေးပေးခန်းမရှိ၍ကျန်းမာရေးခက်ခဲခြင်း |
| ၃ | ဆေးပေးခန်းမရှိ၍ကျန်းမာရေးခက်ခဲခြင်း | ၃ | လမ်းမီးမရှိ၍ညအချိန်တွင် သွားလာရခက်ခဲခြင်း |
| ၄ | သောက်သုံးရေ မလုံလောက်ခြင်း | ၄ | စာကြည့်တိုက်မရှိ၍ အသိပညာရှာဖွေရန်ခက်ခဲခြင်း |
| ၅ | စာကြည့်တိုက်မရှိ၍ အသိပညာရှာဖွေရန်ခက်ခဲခြင်း | ၅ | ကျေးရွာခန်းမမရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ချောင်းကူးတံတားကောင်းမွန်စွာရရှိမည် | ၁ | မိုးရာသီတွင်သွားလာရန် လမ်းများကောင်းမွန်လာစေရမည်။ |
| ၂ | ကျန်းမာရေးအတွက်ဆေးပေးခန်းများရရှိစေရမည်။ | ၂ | ကျန်းမာရေးအတွက်ဆေးပေးခန်းများ ရှိလာရမည်။ |
| ၃ | သန့်ရှင်းသောသောက်သုံးရေရရှိရမည်။ | ၃ | လမ်းမီးများ ရရှိလာစေရမည်။ |
| ၄ | စာကြည့်တိုက်များရရှိ၍ အသိပညာတိုးပွားလာစေရမည်။ | ၄ | ကျေးရွာခန်းမ ရှိလာစေရမည်။ |
| ၅ | လမ်းမီးများ ရှိလာရမည်။ | ၅ | စာကြည့်တိုက်များ ရရှိ၍ အသိပညာများတိုးပွားလာစေရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာလမ်းပြုပြင်ရန် | က + မ | ၁၁,၀၀၀,၀၀၀ | ၂၅၈ ဦး |
| ၂ | ကျေးရွာဆေးပေးခန်း | က + မ | ၂၀,၀၀၀,၀၀၀ | ၂၅၈ ဦး |
| ၃ | ကျေးရွာချောင်းကူးတံတား | က | ၂၀,၀၀၀,၀၀၀ | ၂၅၈ ဦး |
| ၄ | ကျေးရွာခန်းမ | မ | ၂၀,၀၀၀,၀၀၀ | ၂၅၈ ဦး |
| ၅ | ကျေးရွာစာကြည့်တိုက် | က + မ | ၁၀,၀၀၀,၀၀၀ | ၂၅၈ ဦး |
| ၆ | စက်ရေတွင်း | က | ၅,၀၀၀,၀၀၀ | ၂၅၈ ဦး |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စိုက်ပျိုးရေး နည်းပညာ | က + မ | |
| ၂ | အလုပ်တတ်ကျောင်း ရရှိရန် | က + မ | |
| ၃ | အရင်းအနှီး ထောက်ပံ့ပေးရန် | က + မ | |
| ၄ | အသက်မွေးမှုသင်တန်းများ ထောက်ပံ့မှု | က + မ | |
| ၅ | ပညာရေး မြှင့်တင်ရန် | က + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--ဦးခိုင်လွင်---------- လက်မှတ်---ခိုင်------------------- နေ့စွဲ------၉.၁၁.၂၀၁၇------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြစ်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာ | ☑ မ ☑ ကျား | | |
| | ၂ | အသက်မွေးမှု သင်တန်းများ ပို့ချပေးရန် | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | ပညာရေး မြှင့်တင်ရေး | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | အာရုံ၊အနှိုးဆော ပွဲပေးရန် | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ၁၁။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ဘုန်းကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ | ၈.၁၁.၂၀၁၇ (ဗုဒ္ဓဟူးနေ့) |
| ပြုလုပ်သည့်အချိန် | ။ | နေ့လည် (၁၂) နာရီ |
| ကျေးရွာအုပ်စုအမည် | ။ | မရမ်းဘေးကျေးရွာအုပ်စု (သုခအောင်ကျေးရွာ) |
| မြို့နယ်အမည် | ။ | ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၂၅) ဦး၊ မ (၂၂) ဦး၊ စုစုပေါင်း = ၄၇ ဦး

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ ။ ပထမအကြိမ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက် ။ ။ ကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်းအကြောင်း သိရှိနားလည်စေရန် နှင့် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများအား ကူညီပေးရန် နှင့် ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်နိုင်ရန် ရည်ရွယ်ပါသည်။

ဆွေးနွေးချက် ။ ။ အဖွင့်အမှာစကားအား ကျေးရွာ၊ ရွာ့ ဒေါ်ဖြူဆောင်ဦး ဖြစ်ကော်မှ ပြောကြားပြီး ကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်းနှင့်တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် ပြောကြားခဲ့ပါသည်။ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်နှင့် စီမံကိန်းစက်ဝန်း အကြောင်းကို လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးဇေကိုအောင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းစက်ဝန်းကို အဆိုင်း (၆) ဆိုင်း၊ အဆင့် (၁၄) ဆင့် ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက်ကျေးရွာလူထုအား ကျေးရွာစေတနာ့ဝန်ထမ်းများအား မည်ကဲ့သို့ရွေးချယ်နိုင်ကြောင်းနှင့် ရွေးချယ်ရာတွင် လည်း

အဖွဲ့အကာယ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်သော သူများကို သဘောတူ ပြုပေး ရွေးချယ် ကြ ရန် ပြောကြားခဲ့ပါသည်။ ထို့နောက် ယခင်နှစ်က လုပ်ကိုင်ခဲ့သောကျေးရွာ စေတနာ့ဝန်ထမ်းများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ရှိ၊ မရှိ မေးမြန်းစစ်ဆေး ဆက်လက်လုပ် ကိုင်ဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုမှ လည်း ကန့်ကွက်သူမရှိ သဘောတူညီကြောင်းပြောကြားခဲ့ပါသည်။ PRA Tools များ အကြောင်းကို လည်း ရှင်းလင်း ပြောကြား ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက်

။ ယခုနှစ် (ဒုတိယအကြိမ်စီမံကိန်းကာလအတွင်း) ဆက်လက်လုပ်ကိုင် ဆောင်ရွက်ပေး သောကျေးရွာ စေတနာ့ဝန်ထမ်းများအား ၎င်းတို့၏ တာဝန်နှင့်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားပြီး ၎င်းတို့မှ လည်း ဆက်လက် ဆောင်ရွက်နိုင်ကြောင်း နှင့် ကျေးရွာလူထုမှ လည်း သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါ သည်။ ထို့နောက် အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးဇော်ကိုအောင်

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ ၉.၁၁.၂၀၁၇ (ကြာသပတေး)

ပြုလုပ်သည့်အချိန် ။ နေ့လည် (၁၂) နာရီ

ကျေးရွာအုပ်စုအမည် ။ မရမ်းဘေးကျေးရွာအုပ်စု (သုံးအောင်ကျေးရွာ)

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ ။ ကျား (၂၅) ဦး၊ မ (၂၂) ဦး၊ စုစုပေါင်း - ၄၇ ဦး

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ စီမံကိန်းလုပ်ငန်းစဉ်များ မဲပေးရွေးချယ်ခြင်း၊ ကျေးရွာ စီ/ထောက်ကော်မတီအား မဲပေးရွေးချယ်ခြင်း

ရည်ရွယ်ချက် ။ ကျေးရွာလူထုမှ ရေးဆွဲထားသော PRA Tools များအား ရှင်းလင်း ပြောကြားခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း နှင့် ကျေးရွာ စီ/ထောက်ကော်မတီ အား ရွေးချယ်နိုင်ရန် အတွက် လူထုပေါင်းပါဝင် ရွေးချယ်နိုင်ရန်ရည်ရွယ်ပါသည်။

ဆွေးနွေးချက် ။ ပထမအကြိမ် စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဦးစားပေး စီမံကိန်း လုပ်ငန်းစဉ်များကို ယခု ဒုတိယအကြိမ် စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့် ပြန်လည် မဲပေးရွေးချယ်နိုင်ကြောင်း၊ ထို့သို့ ဦးစားပေး လုပ်ငန်းစဉ် ရွေးချယ်ရာတွင်လည်း ကျေးရွာအတွက် ရရှိသော ထောက်ပံ့ငွေနှင့် လုံလောက်သော၊ ကျေးရွာလူထု အတွက် အမှန်တကယ် လိုအပ်ချက် နှင့် အသုံးဝင်ပြီး အကျိုးအမြတ်ရရှိနိုင်မှု အပေါ် မူတည်၍ ရွေးချယ်ကြရန် ကျေးရွာလူထုအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာ စီ/ထောက် ကော်မတီကို လည်း ပြန်လည် ပြင်ဆင် ဖွဲ့စည်းနိုင်ကြောင်း နှင့် ကော်မတီဝင် များ ရွေးချယ်ရာတွင် လည်း စီမံကိန်း နှင့် အမှန်တကယ် ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်သော

• လူမျိုးများကိုပါ အသိပြု မဲပေးရွေးချယ်ကြရန် အကြံပြု ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ • ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ယခုနှစ်က အတိုင်း ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း နှင့် ဦးစားပေး လုပ်ငန်းစဉ်များ အဆင့်ပြန်လည်သုံးသပ် မှတ်တိုင်ကြောင်း ကျေးရွာလူထု အား မေးမြန်းရာ ကျေးရွာလူထုမှ ပထမ နှစ် တော်ဝန်းမှ ဦးစားပေး လုပ်ငန်းစဉ်များ အတိုင်းပါ ဆက်လက်လုပ်ကိုင် ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ကျေးရွာစီ/ထောက် ကော်မတီဝင်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ရှိ၊ မရှိ မေးမြန်းရာ လုပ်ငန်းလည်ပတ်မှု ပြင်ဆင်ထိန်းသိမ်းရေး ဆပ်ကော်မတီမှ ဒေါ်ရီကြည် သည် ဒုတိယသုံးလပတ် အတွက် ဆက်လက် လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် လစ်လပ် သွားသော ဒေါ်ရီကြည် နေရာအတွက် အသိပြုသူ အမျိုးသမီး (၃)ဦး အား မဲပေးရွေးချယ်ရာ ဒေါ်အေး မှ မဲအများဆုံးရရှိပြီး လုပ်ငန်းလည် ပတ်မှု ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ အဖွဲ့ဝင်အဖြစ်ရွေးချယ်ခဲ့ကြပါ သည်။ ကျန်ရှိသော ကော်မတီဝင်များ အားလုံးသည် (ဒုတိယသုံးလပတ်) ကာလတွင် ဆက်လက် လုပ်ကိုင် ဆောင်ရွက်ရန် ရှိ၊ မရှိ မေးရာ ဆက်လက်လုပ်ကိုင်နိုင်ကြောင်း နှင့် ကျေးရွာလူထုမှ လည်း သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီချက်။ • ဒုတိယသုံးလပတ် အတွက် ဦးစားပေး လုပ်ငန်းစဉ်များ နှင့် ကျေးရွာစီ/ထောက် ကော်မတီအား မဲပေးရွေးချယ်ခြင်းကို သဘောတူညီကြောင်း ယခုမှတ် ရေးထိုး၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဦးဇော်ကိုအောင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।